COLGATE-PALMOLIVE COMPANY

# Colgate-Palmolive Company
# မိတ်ဖက်အဖွဲ့အစည်းများဆိုင်ရာစည်းမျဉ်းစည်းကမ်း



# COLGATE-PALMOLIVE ကုမ္ပဏီ

## မိတ်ဖက်အဖွဲ့အစည်းများဆိုင်ရာစည်းမျဉ်းစည်းကမ်း

ကမ္ဘာတစ်ဝှမ်းရှိ COLGATE-PALMOLIVE ကုမ္ပဏီနှင့် လက်အောက် ခံကုမ္ပဏီများ၊ မိတ်ဖက်ကုမ္ပဏီများသည် ကုမ္ပဏီ အောင်မြင်လာမှု၏ အဓိက အချက်ဖြစ်သော ဖြောင့်မတ်မှန်ကန်သော ကာလရှည်ကြာနေ သည့် Colgate ၏ ဂုဏ်သတင်း များကြောင့် အလွန်ကြီးမားသော ဂုဏ်သတင်းကို ရရှိလျှက်ရှိပါသည်။ မိမိတို့ ကုမ္ပဏီ၏ အကျိုးစီးပွားတွက်သာမက ပူးပေါင်းဆောင်ရွက် နေသောလုပ်ငန်းများတွင်ပါ Colgate ၏ ဂုဏ်သတင်းကို အခြေခံ၍ ဆောင်ရွက်လျှက်ရှိပါသည်။ ဤ အခြင်းအရာများကြောင့် ကျွန်ုပ်တို့တန်ဖိုးနှင့်ဂုဏ်သိက္ခာကို အတူမြှင့် တင်လုပ်ဆောင်လျှက်ရှိသော ၊လက်တွဲ၍ လုပ်ငန်းများ ဆောင်ရွက် လျှက် ရှိသော တဆင့်ပြန်လည်ရောင်းချသောကုမ္ပဏီများကို ကျွန်ုပ်တို့ မှ မျှော်လင့်ချက် ပြင်းပြစွာ ပူးပေါင်းဆောင်ရွက်လိုပါသည်။

ကျွန်ုပ်တို့အား ကုန်ပစ္စည်းများ ပေးသွင်းသူများ၊ ဖြန့်ဝေပေးသူများ၊ ကိုယ် စားလှယ်များ၊ ဝယ်ယူအားပေးသူများ၊ ပူးတွဲ သုတေသန ပြုလုပ်သူများ၊ နှင့် အခြားပူးပေါင်းဆောင်ရွက်သူများအားလုံးအတွက် (ကျွန်ုပ်တို့၏ "အခြားပူးပေါင်းဆောင်ရွက်သူများ") ကျင့်ဝတ် စည်းကမ်းများကို အလေး ထားသောအားဖြင့် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ဖော်ညွှန်းပြနိုင် သော ဤပူးပေါင်းဆောင်ရွက်သူများအတွက် စည်းမျဉ်းစည်းကမ်း ဖြစ်ပေါ် လာရခြင်းဖြစ်ပါသည်။ ဤအချက်အလက်များတွင် Colgate-Palmolive ကုမ္ပဏီ၏ အင်တာနက် စာမျက်နှာဖြစ်သော (www.colgatepalmolive.com)တွင် ဖတ်ရှုနိုင်သော ကုမ္ပဏီ စည်းမျဉ်းစည်းကမ်းများပါဝင်ပါသည်။ ယခု ပူးတွဲဆောင်ရွက်သူများ စည်းမျဉ်းစည်းကမ်းများတွင် တစ်ကမ္ဘာလုံး ဆိုင်ရာ လူ့အခွင့်အရေးကြေ်ငြာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့၏ စံနှုန်းများကို အခြေခံ၍ သို့မဟုတ် ပါဝင်ထည့်သွင်း၍ ရေးသားထားပါသည်။

ကျွန်ုပ်တို့ ကိုးဂိတ်လုပ်ငန်းများကို ပူးတွဲဆောင်ရွက်နေသူများအားလုံးအား ၎င်းတို့၏ အဖွဲ့အစည်းများအကြား၊ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ အကြား လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် ဤ ပူးတွဲဆောင် ရွက်သူများ စည်းမျဉ်းစည်းကမ်းကို လိုက်လျောညီထွေစွာ လိုက်နာရန် လိုအပ်ပါသည်။

ပူးပေါင်းဆောင်ရွက်သူအနေဖြင့် အောက်ပါအချက်များ/ စံနှုန်းများကို အခြေခံ၍ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ ပိုမို အကျိုး ဖြစ်ထွန်းစေရန် အတွက် ကျွန်ုပ်တို့၏ ကတိကဝတ်များကို မျှဝေတာဝန် ယူဆောင်ရွက်ရန် ကျွန်ုပ်တို့မျှော်လင့်ပါကြောင်း-

## ဥပဒေများနှင့်အညီလိုက်နာခြင်း

Colgate နှင့် ပူးပေါင်းဆောင်ရွက်သော ပူးတွဲဆောင်ရွက်သူများ အနေ ဖြင့် လိုက်နာရမည့် စည်းမျဉ်းများ၊ ဥပဒေများ၊ စည်းကမ်းများ၊နှင့် စာချုပ် များ၊ ကန့်သတ်ထားခြင်းမရှိသော လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး နှင့် စပ်လျဉ်းသော ဥပဒေများ၊ ပြိုင်ဖက်များ၊ စီးပွားရေးစီမံမှုများ၊ ထုတ်ကုန် အရည်အသွေးနှင့် ပါဝင်သောပစ္စည်းများ၊ ပတ်ဝန်းကျင်နှင့် စပ်လျဉ်းသော စံနှုန်းများ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်း စိတ်ချရ ရေး၊ မူပိုင်ခွင့်နှင့် အချက်အလက်ထိန်းသိမ်းရေး၊ ဝန်ထမ်းများ နှင့် အလုပ် ခန့်အပ်ခြင်းများနှင့် ဤနေရာတွင်ဖော်ပြထားသော အခြား ဥပဒေ များ သို့မဟုတ် Colgate အတွက် သို့မဟုတ် Colgate ထွက်ကုန်များ အတွက် ဆောင်ရွက်ပေးနိုင်သော ဆောင်ရွက်ပေးမှုများ အတွက် အသုံး ချနိုင်သော ဥပဒေများကို လိုက်နာရန် လိုအပ်ပါသည်။

## လာဘ်ပေးလာဘ်ယူတိုက်ဖျက်ခြင်း

Colgate သည် ကမ္ဘာတစ်ဝှမ်းရှိ အစိုးရအဖွဲ့များနှင့် တရားဝင် ဆက်သွယ်နေလျက်ရှိပါသည်။ Colgate နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဘက်အဖွဲ့များအား အမေရိကန်အစိုးရ၏ နိုင်ငံခြားလာဘ်ပေးလာဘ်ယူ တိုက်ဖျက်ခြင်း အက် ဥပဒေ အပါအဝင် Colgate-Palmolive ကုမ္ပဏီ၏ လာဘ်ပေး လာဘ်ယူ တိုက်ဖျက်ခြင်းဥပဒေ တို့ကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်၊ အမေရိကန်အစိုးရ၏ နိုင်ငံခြားလာဘ်ပေးလာဘ်ယူ တိုက်ဖျက်ခြင်း အက်ဥပဒေ (“FCPA”) ကို ကန့်သတ်ထားခြင်းမရှိပါ။

ကျွန်ုပ်တို့၏လုပ်ငန်းအကျိုးစီးပွားအတွက် ကျွန်ုပ်တို့ကိုယ်စား ပတ်သက်ဆက်ဆံမှုများပြုလုပ်နေကြသည့် မိတ်ဖက်များအားလုံးအား အစိုးရအဖွဲ့မှတစ်ဦးတစ်ယောက် သို့မဟုတ် အစိုးရအဖွဲ့အား အကျိုး စီးပွားတိုးတက်လိုခြင်းအလို့ငှါ သို့မဟုတ် အဆုံးအဖြတ် တစ်စုံတစ်ခု ပေးရန်အလို့ငှါအတွက် လာဘ်လာဘအား သွယ်ဝိုက်၍ ဖြစ်စေ တိုက်ရိုက်ဖြစ်စေပေးမှုအား တားမြစ်ပါသည်။ ဤတားမြစ်ချက်တွင် ပံ့ပိုးကူညီခြင်း၊ ထောက်ပံ့ခြင်းတို့ကို အစိုးရအရာရှိ များအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကူအညီရရန် သို့မဟုတ် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အလို့ငှါ "တရားမဝင်" ငွေပေးချေမှုများ ပေးအပ်ခြင်းများလည်း ပါဝင်ပါသည်။

အစိုးရအရာရှိများ သို့မဟုတ် အစိုးရအဖွဲ့နှင့် ဆက်သွယ်ရာတွင် အသုံးပြုသော မည်သည့်ရန်ပုံငွေကိုမဆို အသုံးပြုရန် ကုမ္ပဏီ၏ မူဝါဒအရ Colgate ၏ အပြည်ပြည်ဆိုင်ရာတရားဝင်အဖွဲ့အစည်း၏ ရေးသားထား သော ခွင့်ပြုချက်ကို လိုအပ်မည်ဖြစ်ပါသည်။ ဤအရာတွင် လက်ဆောင်ပစ္စည်း၊ လှူဒါန်းခြင်း၊ ကုန်ကျစရိတ် ထောက်ပံ့ပေးခြင်းများ၊ သင်ကြားမှုကုန်ကျငွေများသို့မဟုတ် စားစရိတ်၊ ခရီးသွား ကုန်ကျစရိတ်၊

ဖျော်ဖြေရေးများသို့မဟုတ် အခြားကုန်ကျစရိတ်များ ပါဝင် ပါသည်။ အကယ်၍ သင့်အနေဖြင့် Colgate ကိုယ်စား ဤကဲ့သို့သော ကုန်ကျ စရိတ်များအသုံးပြု၍ စီးပွားရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်မည် ဆိုပါက Colgate မှ ခွင့်ပြုချက်ရရှိရန်အတွက် ကြိုတင်သတိပေးခြင်း များ ပြုလုပ်ရမည်ဖြစ်ပါသည်။

အစိုးရအရာရှိများအား လာဘ်ပေးမှုများကို တားမြစ်ချက်များတွင် ကိုလ်း ဂိတ်မှ ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့များအားလည်း အခြား အဖွဲ့များအား လာဘ်ပေးမှုများကို Colgate မှ ထပ်မံတားမြစ်ပါသည်။

## စီးပွားရေးပြိုင်ဆိုင်မှုများဆိုင်ရာဥပဒေ

Colgate မှ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် (အမေရိကန် အစိုးရမှ ဥပဒေ) စီးပွားရေးပြိုင်ဆိုင်မှုများဆိုင်ရာ ဥပဒေကို အပြည့်အဝလိုက်နာရန် လိုအပ်ပါသည်။ ဤ ဥပဒေများသည် သုံးစွဲသူများအကျိုးစီးပွားအလို့ငှါ သန့်ရှင်း၍ တရား မျှတသော စီးပွားရေးယှဉ်ပြိုင်ခြင်းများအား ပိုမိုမြှင့်တင်နိုင်ရန် အတွက် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ဤဥပဒေများအောက်တွင် ကုမ္ပဏီများသည် ဈေးကွက်များအတွင်း ကူညီထောက်ပံ့၍ ဖိအားပေး တောင်းဆိုခြင်းများမပြုလုပ်ရပါ။ စီးပွားရေးအတွက် ဈေးနှုန်းများလျှော့ချခြင်း၊ နည်းစနစ်သစ်များ အသုံးပြု ထားသော ထုတ်ကုန်များဖြင့်လည်းကောင်း၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုများပြုလုပ်ရမည်ဖြစ်ပါသည်။ တားမြစ်ထားသော အပြုအမူများတွင် ဈေးကွက်နေရာများရရှိစေရန်အပြင် သဘောတူညီချက်များသို့မဟုတ် ဈေးနှုန်းများအားထိခိုက်စေသော ကြော်ငြာများအကြား (ဥပမာ- ဈေးနှုန်းညှိ၍မရခြင်း၊ ဈေးကွက်အတွင်း နေရာယူမှုများ၊ အစုလိုက် သပိတ်မှောက်ခြင်းများ၊ ဈေးနှုန်း ထိန်းသိမ်း ထားမှုများကို လျှော့ချခြင်းများ၊ ကုန်သွယ်ရာတွင် တရားမဝင် ဈေးနှုန်း များနှင့် ကန့်သတ်ချက်များ) နားလည်မှုများ ရရှိစေလိုပါသည်။

## လျှို့ဝှက်/ပိုင်ဆိုင်မှုဆိုင်ရာအချက်အလက်များ

မိတ်ဖက်အဖွဲ့များအနေဖြင့် Colgate ၏ ပစ္စည်းဥစ္စာများနှင့် ကုန်သွယ်မှုဆိုင်ရာလျှို့ဝှက်ချက်များနှင့် အခြားလျှို့ဝှက်ချက်များ၊ ပိုင်ဆိုင် မှုများ သို့မဟုတ် သိသာလွယ်သော အချက်အလက်များအား လေးစား လိုက်နာရမည်ဖြစ်သည့်အပြင် ၎င်းအချက်အလက်များအား အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း သို့မဟုတ် Colgate မှ ယခင် ရေးသား ဖော်ပြထားသော အချက်အလက်များမှတပါး ထိုကဲ့သို့သော အချက်အလက်များကို မပေါက်ကြားစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ Colgate မှ မည်သည့် အချက်အလက်ကိုမဆို မိတ်ဖက်အဖွဲ့မှ ပေါက်ကြားခြင်းကြောင့်မဟုတ်ဘဲ လူထုအကြားသိရှိသည့်အချိန်ထိ အချိန်တိုင်းတွင် လျှို့ဝှက်အနေဖြင့် ထားရမည်ဖြစ်သည်။ မိတ်ဖက်

အဖွဲ့များမှ Colgate ၏ လျှို့ဝှက် အချက် အလက်များကို မိမိ၏အဖွဲ့အစည်း ပြင်ပမှပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား ဖွင့်လှစ် ဖော်ပြခြင်း သို့မဟုတ် ၎င်းတို့ အဖွဲ့အစည်းအတွင်း Colgate မှ "သိရှိရန် လိုအပ်သည်" သို့မဟုတ် "အသုံးပြုရန်လိုအပ်သည်" ဆိုသည့် အခြေခံ ရည်ရွယ်ချက် အခြေအနေများမှလွဲ၍ ဖွင့်လှစ်ဖော်ပြခြင်းမျိုး မပြုလုပ်ရ။ မိတ်ဖက်အဖွဲ့များသည် ဤကဲ့သို့သော သတင်းအချက် အလက်များကို မိမိတို့အကျိုးစီးပွားအတွက်၊ အခြားတစ်စုံတစ်ယောက်နှင့် Colgate ၏ အကျိုးစီးပွားအတွက်အသုံးမပြုရန် တားမြစ်ပါသည်။

Colgate ၏ မူဝါဒများသည် လျှို့ဝှက်အခြေအနေမဟုတ်သော မည်သည့်နေရာတွင်မဆို မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့မှ မိတ်ဖက်အဖွဲ့အစည်းများကို Colgate အား လျှို့ဝှက်မဟုတ်သော အချက်အလက်များအား ပေးပါရန်နှင့် Colgate မှ လည်း အခြားမည်သူတစ်ဦးတစ်ယောက်မျှကို လျော်ကြေးပေးခြင်း သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာ တာဝန်ယူမှုများ မရှိစေရန် အချက်အလက် များအား နှုတ်ပိတ်ထားမည်ဖြစ်ပါသည်။ ဤအခန်းတွင်ပါဝင်မှုများသည် Colgate နှင့် အခြားမည်သည့် မိတ်ဖက် အဖွဲ့များအကြားပြုလုပ်ထားသော လျှို့ဝှက် သဘောတူညီချက်များကို ထပ်မံဖြည့်စွက်ခြင်း၊ ထုတ်နှုတ်ခြင်းများပြုလုပ်ရန် မရည်ရွယ်ပါ။

Colgate မှ လျှို့ဝှက်အချက်အလက်များကို မိတ်ဖက်အဖွဲ့အစည်းများ အလွန်လိုအပ်သည့်အခြေအနေနှင့် သဘောတူစာချုပ်တစ်ခုကို သင့်တင့်သော လုံခြုံမှုများပြုလုပ်ပြီးသည့်အခါများမှတပါး လက်ခံမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များသည် Colgate မှ မိတ်ဖက်အဖွဲ့ အစည်း များနှင့် ဆွေးနွေးညှိနိုင်းပြီးဖြစ်သော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းနယ်ပယ်များနှင့်တူညီသော အခြားမည်သည့်အလုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်း သို့မဟုတ် ပြုလုပ်ခြင်းမျိုး ပြုလုပ်မည်မဟုတ်ကြောင်း နားလည်သဘောပေါက် သိရှိအလေးထားရမည်ဖြစ်ပါသည်။

## အချက်အလက်များ လုံခြုံမှုရှိခြင်း

ကျွန်ုပ်တို့၏မိတ်ဖက်အဖွဲ့များအနေဖြင့် Colgate ၏ဝန်ထမ်းများ၊ သုံးစွဲသူများ၊ ဝယ်ယူအားပေးသူများ၊ ထောက်ပံ့သူများနှင့် အခြားမိတ်ဖက် အဖွဲ့များ၏ လုံခြုံရေးကို လေးစားလိုက်နာရမည်ဖြစ်ပြီး Colgate မှ ပေးလိုက်သည့် ပက်သက်ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများမှ ကိုယ်ရေးအချက်အလက်များအားလည်း သင့်လျော်သော လုံခြုံစိတ်ချစေရေးလုပ်ငန်းများလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့များမှ စုဆောင်းခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် Colgate မှ ရရှိခဲ့သော ပုဂ္ဂိုလ်ရေးအချက်အလက်များ သို့မဟုတ် ဝန်ထမ်းများ၏ အချက်အလက်များ၊ သုံးစွဲသူများ၊ ဝယ်ယူသူများ၊ ထောက်ပံ့သူများနှင့်

အခြားမိတ်ဖက်အဖွဲ့များ၏အချက်အလက်များ ထိန်းသိမ်းခြင်း တို့ကို လိုအပ်မှသာလျှင်နှင့် အချက်အလက်များလုံခြုံရေးနှင့် ထိန်းသိမ်းရေးဥပဒေနှင့်အညီ လိုက်နာကျင့်သုံး ရန်လိုအပ်ပါသည်။

မိတ်ဖက်အဖွဲ့များမှ ပုဂ္ဂိုလ်ရေးအချက်အလက်များအား Colgate မှ တောင်းဆိုမှုကြောင့်လည်းကောင်း၊ Colgate ကိုယ်စား စုဆောင်းခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းတို့ပြုလုပ်ရာတွင် ယင်း မိတ်ဖက်အဖွဲ့အစည်းသည် Colgate ၏ ပုဂ္ဂိုလ်ရေးအချက်များထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းများကို အသုံးပြုဆောင်ရွက်ကြောင်း တိကျသေချာမှုရှိစေရန် အတွက် Colgate နှင့် သဘောတူထားသော သဘောတူညီချက်များမှ လိုက်နာရန်အချက်များကို သဘောတူရန်လိုအပ်ပါသည်။

## ကိုယ်ကျင့်တရားနှင့်စပ်လျဉ်းသော ဆက်နွယ်မှုများ

စီးပွားရေးမိတ်ဖက်များအကြား ရိုးသားစွာ ပတ်သက် ဆက်ဆံခြင်း သည် စီးပွားရေးဆိုင်ရာနီးနှောမှုများတွင် အလွန်အရေးပါသော အချက်ဖြစ် သည်။ Colgate မှ လက်ရှိပက်သက်ဆက်နွယ်နေသော မိတ်ဖက်အဖွဲ့များနှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သောအဖွဲ့များအကြား သာတူညီမျှ စဉ်းစားဆုံးဖြတ်ပေးရန်နှင့် ဆုံးဖြတ်ချက်များအားလည်း ဈေးနှုန်း၊ အရည်အသွေး၊ ဝန်ဆောင်မှုပေးနိုင်မှုများ၊ ပေါင်းစပ်နိုင်မှုများ၊ ပက်သက်ဆက်နွယ်မှုများပေါ်အခြေခံနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့မှ ဈေးနှုန်းများ၊ ကြော်ငြာရန် ခွင့်ပြုစရိတ်များ၊ နှင့် ဈေးကွက် တွင်ကူညီမှုများကဲ့သို့သော ပုဂ္ဂိုလ်ရေးဘက်လိုက်မှုများ အားဆောင်ရွက်မည် မဟုတ်ပါ။ တန်ပြန်ပေးအပ်မှုများ၊ လာဘ်ထိုးမှုများ၊သို့မဟုတ် ထိုကဲ့သို့သော လုပ်ရပ်များကို ပေးအပ်ခြင်း၊ လက်ခံခြင်းမျိုးကို တားမြစ်ထားပါသည်။ ကျွန်ုပ်တို့မှ ကျွန်ုပ်တို့၏ မိတ်ဖက်များကို ဤကဲ့သို့သော ကိုယ်ကျင့်တရားမြင့်မှုနှင့် စီးပွားရေးလုပ်ငန်းများကို သာတူညီမျှဆက်သွယ်ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ကုန်ကျစရိတ်များ

မိတ်ဖက်အဖွဲ့များမှ Colgate နှင့် သဘောတူညီချက် ပြုလုပ် ရာတွင် ကျသင့်ခဲ့ပြီးသော ကုန်ကျစရိတ်များကို ပြန်လည် ပေးချေရမည် ဟူသောဖော်ပြချက်မျိုးမပါရှိသော ကုန်ကျစရိတ်များကို သို့မဟုတ် မသုံးစွဲခင် ရေးသားထားသော အတည်ပြုချက်မရရှိသောသုံးစွဲမှုမျိုးကို Colgate မှ ပြန်လည်ကျခံပေးမည်မဟုတ်ပါ။ ပြန်လည်ပေးချေကျခံပေးရမည့် မည်သည့် ကုန်ကျစရိတ်မျိုးကို မဆို အကျိုးဝင်သော ငွေတောင်းခံလွှာ သို့မဟုတ် ငွေပေးချေလွှာပါရှိမှသာလျှင် ပြန်လည်ပေးချေမည်ဖြစ်ပါသည်။

## လက်ဆောင်များ

Colgate မှ လူအများသည် စီးပွားရေးနှင့်စပ်လျဉ်းသောဆုံးဖြတ်ချက်များချမှတ်ရာတွင် အကျိုးသက်ရောက် စေနိုင်သော လက်ဆောင်များ၊ ငွေပေးချေခြင်းများ၊ အခြားအကျိုးအမြတ်များ သို့မဟုတ် တန်ဖိုးရှိပစ္စည်းများ အား လက်ခံခြင်း၊ ပေးခြင်းများ ပြုလုပ်ခြင်းကို တားမြစ်ပါသည်။ ကျွန်ုပ်တို့မှ ပူးတွဲဆောင်ရွက်မည့် အဖွဲ့များအား ဤမူဝါဒကို လေးစားလိုက်နာရန်နှင့် Colgate မှ ဝန်ထမ်းများ (သို့မဟုတ် Colgate မှ ဝန်ထမ်းများ၏ မိသားစုဝင်များ) အား ဖော်ပြပါ ($50.00 USD) ထက်ကျော်လွန်သော တန်ဖိုးထက်များသော လက်ဆောင်သို့မဟုတ် အကျိုးအမြတ်တို့ကို ပေးခြင်းမှ ရှောင်ကျဉ်ပါ။ အကယ်၍ Colgate ဝန်ထမ်းများသည် ဖော်ပြပါတန်ဖိုး $50.00 USD အောက်လျော့သော လက်ဆောင်ကို ပူးတွဲဆောင်ရွက်မည့်အဖွဲ့တစ်ခုမှ လက်ခံခဲ့ပါကလည်း တစ်နှစ်လျှင် တစ်ကြိမ်သာ ဖြစ်ရပါမည်။

## ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

မိတ်ဖက်အဖွဲ့များမှ ၎င်းတို့၏ လုပ်ငန်းများတွင် လုပ်ငန်းများဆောင်ရွက်နေကြသော ဝန်ထမ်းများအတွက် ကျန်မာရေးနှင့် ဘေးကင်းလုံခြုံသော အလုပ်ခွင်များ ဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအား အဓိကထားဆောင်ရွက်သော ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေများ စည်းမျည်းစည်းကမ်းများနှင့် အညီဆောင်ရွက်ရန် လိုအပ်ပါသည်။ လုပ်ငန်းခွင်အတွင်း မည်သူ့ကိုမဆို ဝန်ဆောင်မှုပေးခြင်း သည် Colgate ၏ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် လုံခြုံရေးစံနှန်းများကို လိုက်နာရန်အတွက် Colgate ၏ အထောက်အပံ့ပေးမှုတစ်ခုသာဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး စည်းမျဉ်းများ

Colgate မှ မိတ်ဖက်အဖွဲ့များကို သက်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန်ပစ္စည်းများတင်သွင်းရေး/တင်ပို့ရေး စည်းမျဉ်းများကို လိုက်နာစေလို ပါသည်။ Colgate လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များသည် မိမိတို့လုပ်ငန်းများဆောင်ရွက်နေသော နေရာ/နိုင်ငံကို အခြေခံ၍ အမေရိကန် အစိုးရ၏ ကုန်သွယ်ရေးစည်းမျည်းများကို လိုက်နာဆောင်ရွက်ရန် လိုပါသည်။ အထူးပြောဆိုရလျှင် ဤစည်းမျည်းများသည် အမေရိကန်အစိုးရမှ စီးပွားရေးပိတ်ဆို့ခြင်းခံရသော မည်သည့် နိုင်ငံ၊ အစိုးရအဖွဲ့ သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမျှ Colgate ကိုယ်စား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမျိုးမပြုလုပ်ရန် လိုအပ်ပါသည်။ Colgate စီးပွားရေးနှင့်ဆက်သွယ်ပြီး ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များသည် အမေရိကန်အစိုးရမှ စီးပွားရေးမပိတ်ဆို့ထားသည့် အဆက်သွယ်ဖြတ်ခြင်းများတွင် ပါဝင်ခြင်းမှ တားမြစ်ထားသည်။

## လုပ်သားများနှင့်သက်ဆိုင်သောကျင့်သုံးမှုများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများ

Colgate မှ တရားမဝင် ကလေးလုပ်သားများခေါ်ယူအသုံးပြုမှု၊ လုပ်သားအား တွန်းအားပေး၍ စေခိုင်းခြင်းများ၊ တရားမဝင်စေခိုင်းမှုများ နှင့် အခြားသော လက်ခံနိုင်ဖွယ်မရှိသော လုပ်သားများအား ဆက်ဆံမှုများကို ပြင်းထန်စွာတားမြစ်ပါသည်။ ၎င်းမှာ လုပ်သားဥပဒေအားဖောက်ဖျက်ထားသော မိတ်ဖက်အဖွဲ့များ သို့မဟုတ် လုပ်သားများအား ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုများ၊ ဖိနှိပ်မှုများ၊ အတင်းအဓမ္မစေခိုင်းမှုများ၊ အပါအဝင် လူသားမဆန်စွာ ဆက်ဆံမှုများပြုလုပ်သော မိတ်ဖက်အဖွဲ့များ နှင့် ပူးပေါင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိသည်မှ Colgate ၏ မူဝါဒပင်ဖြစ်ပါသည်။

Colgate မှ ကမ္ဘာအနှံ့အပြားတွင် လူ့အခွင့်အရေးများအား လေးစားလိုက်နာသည့် ကာလရှည်ကြာသော လိုက်နာမှုများရှိသည့်အပြင် သက်ဆိုင်ရာ ဥပဒေများနှင့် အောက်ပါစံနှုန်းများကို မြှင့်တင်နိုင်သည့် မိတ်ဖက်အဖွဲ့များကို ပူးပေါင်းဆောင်ရွက်ရန် ရှာဖွေလျက်ရှိပါသည်-

- မည်သည့်အဆင့်အတန်းရှိသော ဝန်ထမ်းကိုမဆို အသားအရောင်၊ လူမျိုး၊ ကျား/မ၊ အသက်အရွယ်၊ နိုင်ငံသား၊ အိမ်ထောင်ရေးအခြေအနေ၊ ဘာသာရေး၊ ပေါက်ဖွားရာလူမျိုး၊ မသန်စွမ်းမှု သို့မဟုတ် ဥပဒေမှအကာအကွယ်ပေးထားသော မည့်သည့်လက္ခဏာရပ်မျိုးကိုမဆို တန်းတူအခွင့်အရေးပေးရန်
- ကျန်းမာကြံ့ခိုင်စေခြင်းနှင့် ပတ်ဝန်းကျင်အား အကာအကွယ်ပေးထားသော ကျန်းမာ၍ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ဖြစ်ပေါ်လာစေရန်
- သက်ဆိုင်ရာ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကို အခြေခံထားသော လုပ်ခများပေးရန်
- တရားဝင် အလုပ်ချိန်သတ်မှတ်လုပ်ကိုင်စေရန်နှင့် အချိန်ပို ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် အညီ လုပ်ခများပေးရန်
- လုပ်သားများ၏ တရားဥပဒေပြည့်ဝသော အဖွဲ့အစည်းလွတ်လပ်ခွင့်ကို လေးစားလိုက်နာရန်နှင့် တရားဝင်အသင်းအဖွဲ့ပြုလုပ်ရန်နှင့် မျှတသော လုပ်ခတောင်းဆိုခွင့်များကို အသိအမှတ်ပြုရန်

Colgate သည် ၎င်း၏ထောက်ပံ့သူများအား ဓါတ်သတ္တုများအငြင်းပွားမှုတွင် ၎င်း၏မူဝါးကို လိုက်နာရန် လိုအပ်သည် (http://www.colgate.com/app/Colgate/US/Corp/LivingOurValues/Sustainability/ConflictMinerals.cvsp)

## ပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ခြင်း

Colgate မှ ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်အား ကာကွယ် စောင့်ရှောက်မှုများတွင် တန်ဖိုးထားမှုမြင့်မားပြီး ကမ္ဘာကြီး၏ ကောင်းမွန်သော အရင်းအမြစ်များကို သဘာဝအတိုင်း ထိန်းသိမ်းကူညီ စောင့်ရှောက်ရန် တာဝန်ရှိပါသည်။ မိတ်ဖက်အဖွဲ့အစည်းမှလည်း ကုမ္ပဏီ၏ စည်းကမ်းများကို လိုက်နာလိမ့်မည့် အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထို့အတူ ၎င်းတို့ ကိုယ်စားပြုနေသည့် ပြည်သူ့မူဝါဒများကိုလည်း လိုက်နာလိမ့်မည်ဟု မျှော်လင့်ပါသည်။

## အရည်အသွေးဆိုင်ရာစံနှုန်း

Colgate မှ ကုန်ပစ္စည်းများအား ထုတ်လုပ်သော၊ ထုတ်ပိုးသော၊ သိမ်းဆည်းသော၊ သယ်ယူပို့ဆောင်သော သို့မဟုတ် ကိုယ်ပိုင် သက်ဆိုင်ရာ စက်ရုံများတွင် ကောင်းမွန်သော ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်အညီ ကိုင်တွယ်အသုံးပြုသော၊ ဖြန့်ဝေသော မိတ်ဖက် အဖွဲ့အစည်းများဖြင့်သာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

## တိရိစ္ဆာန်များ အတွက် ထောက်ပံ့မှုများ

အဆင်သင့်ပါက Colgate မိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ပြင်ပ ကူညီဆောင်ရွက်မှုများ သို့မဟုတ် ထောက်ပံ့မှုများသည် စက်မှုလုပ်ငန်းများ၏ စံနှုန်းများ၊ ထို့အပြင် တိရိစ္ဆာန်များ ပြုစုစောင့်ရှောက်ရေး ထောက်ပံ့မှုစံနှုန်းများကို လည်း ရောက်ရှိရန် သို့မဟုတ် ကျော်လွန်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့မှ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များကို Colgate ၏ ထုတ်ကုန် ပစ္စည်းများ ဆိုင်ရာ စိတ်ချလုံခြုံရေး သုတေသန ပြုထားသော (http://www.colgate.com/Colgate/US/Corp_v2/LivingOurValues/Sustainability/RespectForPeople/RespectForConsumers/AssuringProductSafety/product_safety.pdf)၊ (http://www.hillspet.com/hillspet/ourCompany/whoWeAre/animalWelfare. hjsp) တွင်ကြည့်ရှု၍ တိရိစ္ဆာန်များနှင့်စပ်လျဉ်းသောထောက်ပံ့မှုဆိုင်ရာ စံနှုန်းများ ဖြစ်ပေါ်လာစေရန်အတွက် ကြည့်ရှုနိုင်ပါသည်။

## လေးစားလိုက်နာမှုဆိုင်ရာတာဝန်ရှိမှုများ

Colgate လုပ်ငန်းများအတွက် လုပ်ဆောင်နေသော သင့်၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ နှင့် အခြားစာချုပ်နှင့် ဆောင်ရွက်နေသူများ အား ယခု မိတ်ဖက် အဖွဲ့အစည်းများအတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ လိုက်နာဆောင်ရွက်ရန် တာဝန်ပျက်ကွက်ပါက Colgate မှ စီးပွားရေးဆိုင်ရာ ပူးတွဲဆောင်ရွက်မှုကို ရပ်တန့်/အဆုံးသတ် မည်ဖြစ်ပါသည်။

Colgate မှ မိတ်ဖက်အဖွဲ့အစည်းများအား မှားယွင်းဆောင်ရွက်မှုများအား ပြည်တွင်း ဥပဒေများနှင့်အညီ သင့်လျော်သော စနစ်များနှင့် လျော်ကန်သင့်မြတ်သော စနစ်များကို အသုံးပြု၍ ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ Colgate အား သက်ဆိုင်ရာ ဥပဒေများ သို့မဟုတ် ယခု မိတ်ဖက် အဖွဲ့အစည်းများအတွက် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မိပါက သို့မဟုတ် Colgate ၏ အကျိုးစီးပွားကို ပျက်စီးစေနိုင်သော မှားယွင်းသော အပြုအမူမျိုးပြုလုပ်မိပါက ချက်ချင်း သတင်းပေးရန် လိုအပ်ပါသည်။

ထို့အပြင် Colgate အား သင့်စီးပွားရေး သို့မဟုတ် ထုတ်ကုန်ပစ္စည်း သို့မဟုတ် Colgate အတွက် သင့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသော လူထုမှ တန်ပြန်မှုများသို့မဟုတ် အကောင်းမြင်မခံရမှုများနှင့် စပ်လျဉ်းသည့် သတိပြုရန်အချက်များ သို့မဟုတ် သင်၏ စီးပွားရေးအား အပြုသဘောမဆောင်သည့် အဖြစ်အပျက်များ သို့မဟုတ် Colgate အပေါ်လူထုမှ တန်ပြန်မှုများ ကို ချက်ချင်း သတင်းပေးရမည်ဖြစ်ပါသည်။

## ထပ်မံ၍ အချက်အလက်များနှင့် အရင်းအမြစ်များ

ဤ မိတ်ဖက်အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အခြား ဘာသာစကားများနှင့်လည်း အင်တာနက်စာမျက်နှာဖြစ်သော
http://www.colgate.com/app/Colgate/US/Corp/ContactUs/GMLS.cvsp
တွင်ရယူဖတ်ရှုနိုင်ပါသည်။

ဤ မိတ်ဖက်အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ သိရှိလိုပါက Global EthicsLine(ethics@colpal.com) သို့ တိုက်ရိုက် ဆက်သွယ်မေးမြန်းနိုင်ပါသည်။